**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

**Website:** chinland.org **Email:** cnf.headquarters@gmail.com

## စစ်ကောင်စီမှ Mindat မြို့နယ် ပန်းပါကျေးရွာအား
## အကြမ်းဖက်ဗုံးကြဲမှုအပေါ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ဧပြီလ ၁၇ ရက်၊ ၂၀၂၃ ခုနှစ်

၁။ အကြမ်းဖက်စစ်ကောင်စီသည် ချင်းလဲန်၊ Mindat မြို့နယ် ပန်းပါကျေးရွာအတွင်း ဧပြီလ (၁၆) ရက်နေ့ ညနေ ၄း၀၀ နာရီ အချိန်တွင် Fighter Jet (၂) စီးဖြင့် (၆) ကြိမ်တိုင် ဗုံး (၁၇)လုံး ဖြင့် အကြောင်းမဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အသက် (၇၀) အရွယ် အမျိုးသမီးတစ်ဦး၊ (၄) နှစ် အရွယ်ကလေးငယ်တစ်ဦးတို့ သေဆုံးခဲ့ပြီး အမျိုးသား (၂) ဦး နှင့် အမျိုးသမီး (၅) ဦး၊ စုစုပေါင်း (၇) ဦး ဒဏ်ရာရခဲ့သည့်အပြင် လူနေအိမ် (၉) လုံးပျက်စီးဆုံးရှုံးခဲ့ရသည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ် လုပ်ရပ်သည် စစ်ရာဇဝတ်မှုကို ကျူးလွန်ချိုးဖောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လူဦးရေအနည်းဆုံးဖြစ်သည့် ချင်းလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်သဖြင့် အပြင်းအထန်ရှုတ်ချသည်။ အကြမ်းဖက်စစ်ကောင်စီအား နိုင်ငံတကာအဖွဲ့အစည်းများမှ အရေးယူအပြစ်ပေးမှုများပြုလုပ်ကြပါရန် အလေးအနက်တောင်းဆိုသည်။

၃။ **CNF/CNA** သည် နိုင်ငံရေးခံယူချက်၊ ဦးတည်ချက်တူညီသော ညီနောင်မဟာမိတ်များ၊ NUG အပါအဝင် နွေဦးတော်လှန်ရေး လက်နက်ကိုင်အင်အားစုများနှင့်အတူ ပြည်သူဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး စစ်အာဏာရှင် စနစ်ကျဆုံးသည်အထိ အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၄။ ပန်းပါကျေးရွာအပေါ် အကြမ်းဖက်မှုအတွင်း အသက်ဆုံးပါးခဲ့သည့် အပြစ်မဲ့ပြည်သူများ၏ မိသားစုများ၊ ရပ်ဆွေရပ်မျိုးများနှင့်ထပ်တူ ဝမ်းနည်းကြောင်းနှင့် ဘုရားရှင်ထံမှ စိတ်နှလုံးငြိမ်သက်ခြင်း သက်ရောက် ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
**Chin National Front**

Chin National Front – General Headquarters, Chinland